မြန်မာဘာသာစကား


SOUTH AUSTRALIAN MIGRANT WORKERS

# သင်၏ ဗီဇာဆိုင်ရာ ရပိုင်ခွင့်များကို သိပါ။

**သင်၏ ဗီဇာစည်းကမ်းချက်များကို VEVO ဖြင့် အသေအချာ လွယ်ကူစွာ စစ်ဆေးပါ။**

## VEVO ဆိုသည်မှာ အဘယ်နည်း။

VEVO (Visa Entitlement Verification Online) (အွန်လိုင်းအရ စိစစ်နိုင်သည့် ဗီဇာရပိုင်ခွင့် အချက်အလက်များ) သည် ပြည်ထဲရေးဌာန၏ အခမဲ့ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည်။ ၎င်းသည် သင်၏ အလုပ်လုပ်ကိုင်ခွင့် အပါအဝင် သင်၏ ဗီဇာ အခြေအနေနှင့် စည်းကမ်းချက်များကို အချိန်မရွေး၊ နေရာမရွေး စစ်ဆေးရန် ထောက်ကူပေးသည်။



## VEVO ကို ဘာကြောင့် သုံးရမည်နည်း။

| | | |
|---|---|---|
| သင်၏ အလုပ်အကိုင်ဆိုင်ရာ ရပိုင်ခွင့်များကို သိပါ | ဗီဇာချိုးဖောက်မှုများကို ရှောင်ရှားပါ | သင်၏ ဗီဇာ အခြေအနေကို ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများအား မျှဝေအသိပေးပါ |

## သင်၏ ဗီဇာစည်းကမ်းချက်များကို စစ်ဆေးနိုင်ပုံ

### သင်၏ ဗီဇာကို သုံးနိုင်ပုံမှာ၊

- သင်၏ ImmiAccount သို့မဟုတ်
- VEVO ပေါ်တယ် onlineimmi.gov.au/vevo

### သင် လိုအပ်မည်မှာ၊

- သင်၏ နိုင်ငံကူးလက်မှတ်၊ ImmiCard သို့မဟုတ် ခရီးသွားစာရွက်စာတမ်းပါ အသေးစိတ်အချက်အလက်များ
- သင်၏ ဗီဇာခွင့်ပြုစာတွင်ပါရှိသော ခွဲခြားဖော်ထုတ်နိုင်ရာ အချက်အလက်များအနက် အောက်ပါတစ်ခုခု၊
  - ဗီဇာခွင့်ပြုနံပါတ်
  - အမှုသည် သက်သေခံအမှတ်
  - အမှုကိစ္စ ရည်ညွှန်းနံပါတ်

**အလုပ်ရှင်များနှင့် အဖွဲ့အစည်း**များသည်လည်း ImmiAccount ကို အသုံးပြုပြီး VEVO အတွက် မှတ်ပုံတင်၍ ဗီဇာစည်းကမ်းချက်များကို စစ်ဆေးနိုင်သည်။

**အကူအညီ လိုပါသလား။**

သင့်ဗီဇာစည်းကမ်းချက်များကို ကူညီစစ်ဆေးပေးရန် အလုပ်သမား သမဂ္ဂ၊ ရပ်ရွာဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာသူ ကူညီပေးရေး အဖွဲ့အစည်းထံ စုံစမ်းမေးမြန်းပါ။

(08) 8279 2222

samigrantworkers.org.au

This material was developed with funding from the Australian Government.